# မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်းတို့ကို နှိုင်းယှဉ်လေ့လာခြင်း

ကျော့ကျော့ဟန်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် တောင်ငူခေတ် ချေင်းများဖြစ်သော မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်းတို့ကို နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ဝတ်လုံတော်ရ ဦးမေအောင်၏ ချင်းဟောင်း (၁၂)စောင်တွဲမှ မဟာဥပရာဇာချင်းနှင့် မင်းရဲကျော်စွာစုန်ချင်းတို့ကို အလေ့လာခံအဖြစ် သတ်မှတ်တင်ပြပါမည်။ ဤသို့ လေ့လာတင်ပြခြင်းဖြင့် ချင်း(၂)စောင်တွင် ပါဝင်သော တူညီမှုများကြောင့် စာဆိုတစ်ဦးတည်းက ရေးဖွဲ့ထားခြင်းဖြစ်ကြောင်းကို သိရှိနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ချင်း၊ သင်္ကေတသင်္ချာနည်း၊ မင်းခမ်းမင်းနား၊ ပါဠိဝေါဟာရ၊ စိတ်ကူးစိတ်သန်း။***

## နိဒါန်း

တောင်ငူခေတ် မဟာဥပရာဇာမင်းသားနှင့် မင်းရဲကျော်စွာတို့သည် နန္ဒဘုရင် (၉၄၃–၉၆၂)နှင့် ပဲခူးမိဖုရားတို့မှ ဖွားမြင်သော သားတော်ကြီး မင်းကြီးစွာနှင့် သားတော်လတ် မင်းရဲကျော်စွာတို့ ဖြစ်ပါသည်။ ထိုမင်းညီနောင် ၂ ပါးသည် ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်များဖြစ်ပြီး ထီးရံနန်းရံ အိမ်ရှေ့ ဥပရာဇာအဖြစ် ရည်မှန်းထားခြင်းခံရသော မင်းသားနှစ်ပါး ဖြစ်သည်။ ထိုမင်းသားတို့အတွက် စပ်ဆိုသော ချင်းများမှာ သားတော်ကြီး မင်းကြီးစွာအတွက် စပ်ဆိုသော မဟာဥပရာဇာချင်းနှင့် သားတော်လတ် မင်းရဲကျော်စွာအတွက် စပ်ဆိုသော မင်းရဲကျော်စွာစုန်ချင်းတို့ ဖြစ်သည်။

မင်းရဲကျော်စွာစုန်ချင်း ဖြစ်ပေါ်လာပုံမှာလည်း အစ်ကိုဖြစ်သူ မဟာဥပရာဇာသည် ယိုးဒယားတိုက်ပွဲတွင် စိန်ပြောင်းသင့်၍ ကွယ်လွန်ခဲ့သည်။ ထိုအခါ ဖခင်နန္ဒဘုရင်က သားတော် မင်းရဲကျော်စွာကို အိမ်ရှေ့မင်းသားအဖြစ်ပေးရန် ဟံသာဝတီသို့ ခေါ်ယူခဲ့သည်။ ထိုအချိန်တွင် အင်းဝစားဖြစ်သူ မင်းရဲကျော်စွာသည် ဖခင်ဆန္ဒအတိုင်း အင်းဝမှ ဟံသာဝတီသို့ စုန်ဆင်းခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် မင်းရဲကျော်စွာ အတွက် စပ်ဆိုသော ချင်းကို မင်းရဲကျော်စွာစုန်ချင်းဟု ခေါ်ဆိုဟန်တူသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်

မဟာဥပရာဇာချေင်းကို စပ်ဆိုသူမှာ စာဆို တလုတ်စားသခ်ယာ ဖြစ်သည်ဟု ပါရှိပြီး မင်းရဲကျော်စွာစုန်ချေင်းကို ရေးစပ်သော ချေင်းစာဆို၏အမည်မှာ အမျိုးမျိုး ဝိဝါဒကွဲပြားလျက် ရှိသည်။ ပိဋကတ်တော်အုပ်ဦးယံ၏ ပိဋကတ်တော်သမိုင်းတွင်လည်းကောင်း၊ ဦးမေအောင်၏ ချေင်းဟောင်း (၁၂)စောင်တွဲတွင်လည်းကောင်း ရာဇဗာဟု ရေးသည်ဟု ဖော်ပြထားသော်လည်း မုံရွေးဆရာတော်၏ သမန္တစက္ခုဒီပနီကျမ်း ပထမတွဲတွင်လည်းကောင်း၊ ဦးကျော်ဒွန်း၏ မြန်မာစာညွှန့်ပေါင်းကျမ်းတွင်လည်းကောင်း၊ ရန်ကုန်အမျိုးသားစာကြည့်တိုက် တိုက်ပိုင်အမှတ် (၉၈၃၂) ဒေါ်လှတင် ကွမ်းခြံကုန်းမှ ရရှိသော ကြံဆစ်ပေတွင်လည်းကောင်း စာဆို၏အမည်ကို တလုတ်စားသခ်ယာ ရေးသည်ဟု ဆိုသည်။

ဤချေင်း (၂)စောင်ကို နှိုင်းယှဉ်လေ့လာကြည့်သောအခါ–

(၁) ချေင်းပိုဒ်ရေ အတိုအရှည်၊ မွေးဖွားသည့် ခုနှစ်သက္ကရာဇ် ရေးဖွဲ့ပုံ ရေးဖွဲ့နည်း တူညီနေခြင်း

(၂) ဥပမာပေးပုံ ခမ်းခမ်းနားနား ရှိခြင်း

(၃) စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီနေခြင်း

(၄) ချေင်းချီပုံ၊ ချပုံ တူညီနေခြင်း

(၅) ပါဠိဝေါဟာရများနှင့် စာဆို၏စိတ်ကူးစိတ်သန်း ထည့်သွင်းစပ်ဆိုပုံ တူညီနေခြင်း

စသည့် အချက်များကို တွေ့ရသည်။

## ၁။ တလုတ်စားသခ်ယာ၏ အတ္ထုပ္ပတ္တိအကျဉ်း

တလုတ်စားသခ်ယာသည် မိုးညင်းစော်ဘွား စလုံကြီး၏ မြေး ဖြစ်သည်။ စလုံကြီး၏သားမှာ စလုံငယ်ဖြစ်ပြီး စလုံငယ်၏သားသည် စမော်ခန်း ဖြစ်သည်။ ဟံသာဝတီဆင်ဖြူများရှင်မင်းတရားကြီးသည် မိုးညင်းကို အလိုပြည့်သောအခါတွင် မင်းတရားကြီး၏အပါးတော်တွင် စမော်ခန်းကို ခစားစေသည်။ မြန်မာသက္ကရာဇ် (၉၂၅)ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီးသည် ယိုးဒယားသို့ စစ်ချီတက်ရာ အနိုင်ရသောကြောင့် စမော်ခန်းအား ရမ္မသူရဲ ဟူသော အမည်ဖြင့် ဝါဂရုမြို့ကို စားစေသည်။ ထို့အပြင် မဟာဥပရာဇာ(နန္ဒဘုရင်)နှင့်အတူ ဇင်းမယ်သို့ချီရာ အနိုင်ရသောကြောင့် နန္ဒမိတ်ဘွဲ့ကို ပေးခဲ့သည်။

မြန်မာသက္ကရာဇ် (၉၄၃)ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာစံ၍ သားတော် မဟာဥပရာဇာ(နန္ဒဘုရင်) ထီးနန်းတက်သောအခါတွင် ယိုးဒယားသို့ နောက်တစ်ကြိမ်တိုက်ခိုက်ရာ ဆင်နှင့်နွဲရသောကြောင့် သခ်ယာ ဟူသော အမည်နှင့် အတူ တလုတ်မြို့ကို ပေးသနားခဲ့သည်။ တလုတ်မြို့စားသခ်ယာသည် မိမိအရှင်သခင် နန္ဒဘုရင်၏ သားတော်နှစ်ပါးအတွက် ဧချင်းနှစ်စောင်ကို စပ်ဆိုခဲ့သည်။ သက္ကရာဇ် (၉၂၂)ခုနှစ်တွင် သားတော် မင်းကြီးစွာအတွက် မဟာဥပရာဇာဧချင်းနှင့် သက္ကရာဇ် (၉၃၁)ခုနှစ်တွင် သားတော် မင်းရဲကျော်စွာအတွက် မင်းရဲကျော်စွာစုန်ဧချင်းတို့ကို စပ်ဆိုခဲ့သည်။ တလုတ်မြို့စားသခ်ယာ၏ မွေးသည့်ခုနှစ်နှင့် ကွယ်လွန်သည့်ခုနှစ်ကို မသိရပေ။ ဤဧချင်းနှစ်စောင်မှအပ တလုတ်မြို့စားသခ်ယာ ရေးသားသော အခြားစာပေ လက်ရာများကို မတွေ့ရချေ။

## ၂။ ဧချင်းသဘောသဘာဝ

ဧချင်းဟူသည်မှာ 'ဧ' ကာရန္တဖြင့်စကာ 'ဧ' ကာရန်ဖြင့် အဆုံးသတ်၍ လေးလုံး တစ်ပါဒ ဖွဲ့စပ်သော ရှေးခေတ်နန်းတွင်း သားချော့တေးကဗျာ ဖြစ်သည်။

ဧချင်းတွင် ဧချင်းစပ်ဆိုခံရသူ မင်းသား၊ မင်းသမီးကလေးများ၏ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့ အစဉ်အဆက် ဘုန်းတန်ခိုးကြီးခဲ့ကြပုံများကို ရေးဖွဲ့သည်။ မိမိတို့ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော်တို့ကဲ့သို့ ဘုန်းတန်ခိုးကြီးမားလိုစိတ်၊ ထူးချွန် ထက်မြက်သော မင်းကောင်းမင်းမြတ်များ ဖြစ်လိုစိတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်ရေးဖွဲ့သော တေးကဗျာများပင် ဖြစ်ကြသည်။

ဧချင်း ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပညာရှင်တို့က အနက်အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။ ဆရာလွန်း၏ 'ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်း' တွင်–

> "ဧချင်းသည်ကား 'ဧ' ကာရန္တနှင့် အဆုံးသတ်ထားသော ရာဇဝင်
> သီချင်းများကိုပင် ဆိုလိုသည်။"[၁]

ဟု ဖွင့်ဆိုထားပါသည်။

ပုဂံဝန်ထောက်မင်း ဦးတင် ရေးသားသည့် 'ကဗျာဗန္ဓသာရကျမ်း' တွင်–

> "ဧချင်းဆိုသည်မှာ မြန်မာဘာသာ ဖြစ်သည်။ အေးချမ်းသာယာစွာ
> အကြောင်းခြင်းတကို ဖွဲ့ဆိုသော ကဗျာကို ဆိုလိုသည်။ ဧချင်း
> စပ်ဆိုလေ့ရှိသည့် ရင်းမြစ်မှာ ဧကရာဇ် ပဒေသရာဇ် စသော

---

[၁] လွန်း၊ ဦး၊ ၁၉၀၉၊ ၆၁။

> ဘုရင်မင်းမြတ်တို့၏ သားတော်၊ သမီးတော်၊ မြေးတော်များကို ဖြေဖျော်ရာဖြေဖျော်ကြောင်း ဖြစ်စေရန်၊ နွယ်တော်စဉ် ရင်းမြစ်ကြောင်းရာ စဉ်လာထွန်းတောက်ပခဲ့သော ဂုဏ်များကိုသော်လည်းကောင်း၊ ဖြေဖျော်ခံသူနှင့် ရသင့်ရထိုက်သော ဂုဏ်များကိုလည်းကောင်း တင့်တယ်မြင့်မြတ်သည့်အကြောင်း ကောင်းစွာချီးမြှောက် စပ်ဆိုစီကုံးလေ့ရှိသည်။ အထူးမှတ်သားရန်မှာ ဧယာဉ်စီး အရွယ်ထက် လွန်မြောက်ကြီးပြင်းလျှင် 'နားတော်သွင်း' ဟူ၍ ခေါ်ဝေါ်ရေးသားကြသတည်း။"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့အတူ ဆရာကြီးဦးဖေမောင်တင်၏ 'မြန်မာစာပေသမိုင်း'တွင်လည်း–

> "ဧချင်းဆိုသည်မှာ မင်းသမီး၊ မင်းသားငယ်များအား ဧယာဉ်တော်မင်္ဂလာ ဆင်ယင်ကျင်းပသည့်အခါများတွင် ပုခက်တွင်း၌သိပ်၍ ပုခက်ကိုလွှဲရင်း သီဆိုကျူးရင့်ချော့မော့ရသော ကဗျာဖြစ်၍ ဂီတသဘောမျိုးတွင် သက်ဝင်သော သီချင်းပင် ဖြစ်သည်။ 'ဧ' ကာရန္တနှင့် အစချီ၍ 'ဧ' ကာရန္တနှင့် အဆုံးသတ်ကာ ကြားရသူတို့ အလွန်သာယာနာပျော်ဖွယ်ဖြစ်အောင် ဇာတိသွေး၊ ဇာတိမာန်ကို တစ်မျိုးတစ်နည်းအားဖြင့် မြှင့်တင်ပေးပေသည်။ ဧချင်းအဖွဲ့၏ အကျိုးထူးတစ်ရပ်ကား ဧချင်းသည် ရာဇဝံသဉာဏ်ကို ပေးသည်။ ရာဇဝင်အကြောင်းကို ရေးသားဖော်ပြသဖြင့် ရာဇဝင်မပေါ်ပေါက်သေးသော ခေတ်တွင် ဧချင်းကို အကိုးအကားပြုကြရသည်။ နောက်နောင်တွင် ရာဇဝင်ဆရာတို့သည် ဧချင်း စာကိုယ်များမှ ရာဇဝင်အထောက်အထားများ ရကြသည်။ ထို့ကြောင့် ဧချင်းကား အဖိုးတန်လှပေသည်။"[၂]

ဟု ဧချင်း၏သဘောသဘာဝကို ရှင်းလင်းဖွင့်ဆိုထားပါသည်။ ထို့နည်းတူ မြန်မာအဘိဓာန်တွင်လည်း–

---

[၁] တင်၊ ဦး၊ ၁၉၀၉၊ ၆၁။

[၂] ဖေမောင်တင်၊ ဦး၊ ၁၉၈၇၊ ၄၃။

> "ဧချင်း/အေးဂျင်း/န–ငယ်ရွယ်သော ဘုရင့်သားတော်၊ သမီးတော်များ ဇာတိမာန်တက်ကြွစေရန် မျိုးရိုးစဉ်ဆက် ဘုန်းတန်ခိုးတောက်ပ ခဲ့ပုံကို ဖွဲ့ဆိုသော ရေးကဗျာတစ်မျိုး"[၁]

ဟု ဖွင့်ဆိုထားပေသည်။

ဧချင်းကဗျာ၏ သဘောသဘာဝသည် သာယာချိုအေးသော အသံဖြင့် ဇာတိမာန်ကို မြင့်တင်လှုံ့ဆော်ပေးသော ကဗျာ ဖြစ်သည်။

နန်းတွင်း ပုခက်လွှဲတေးလည်း ဖြစ်သည်။ နန်းတော်တွင်းရှိ ဘုရင့်သားတော်၊ သမီးတော်၊ မြေးတော်၊ မြစ်တော်၊ တူတော်၊ တူမတော် အစရှိသည့် မင်းမျိုး၊ မင်းနွယ် ကလေးသူငယ်များအတွက် သီးသန့်ရေးဖွဲ့ထားသော ကဗျာအမျိုးအစား ဖြစ်သည်။

ဧချင်းသည် မင်းသား မင်းသမီးတို့၏ ပုခက်တင်မင်္ဂလာအခမ်းအနားတွင် ပုခက်လွှဲရင်း ချော့မော့သီဆိုရသော တေး ဖြစ်သည်။ ထိုအခမ်းအနားတွင် ဧချင်း အဖွဲ့ခံ မင်းသား မင်းသမီး၏ ဘွားတော်နှင့် မယ်တော်၊ အထိန်းတော်၊ အချီတော်နှင့် အယတော်များက ပုခက်လွှဲရင်း သီဆိုကြသည်။

ဧချင်းစာဆိုများသည် ဧချင်းဖွဲ့ခံ မင်းသား မင်းသမီးများ ဇာတိမာန်စိတ်ဓာတ် ထက်သန်စေလိုသော၊ မျိုးရိုးဂုဏ်ကို စောင့်ထိန်းစေလိုသော ရည်ရွယ်ချက်၊ ဘိုးတော်၊ ဘေးတော်၊ ခမည်းတော်တို့၏ လက်ရုံးရည် နှလုံးရည်ကို အတုယူစေလိုသော စေတနာတို့ဖြင့် ရေးဖွဲ့သည်။ ထို့ကြောင့် တိုင်းပြည်ချစ်စိတ်၊ ဇာတိမာန်စိတ်နှင့် စာပေယဉ်ကျေးမှုကို ချစ်စိတ်ဖြင့် ရေးဖွဲ့သော စာဆို၏စေတနာကို တွေ့ရသည်။

ထို့ကြောင့် ဧချင်းကဗျာ ဟူသည်မှာ သာယာချိုအေးသည့် 'ဧကာရန္တ' သံဖြင့် အစချီကာ 'ဧကာရန္တ'သံဖြင့် အဆုံးချပြီး သာယာချိုအေးစွာ ရွတ်ဆိုရသော သားချော့ တေးကဗျာ၊ ဇာတိမာန်စိတ်ရှိသော၊ စာဆိုက ဇာတိမာန်စိတ် ထက်သန်တက်ကြွစေ လိုသော အကြောင်းအရာကို ဇာတိမာန်စိတ် ထက်မြက်တက်ကြွအောင် ရည်ရွယ်ရေးဖွဲ့ ထားသော တေးကဗျာ ဖြစ်သည်။

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၃၈၄။

## ၃။ မဟာဥပရာဇာချောင်းနှင့် မင်းရဲကျော်စွာစုန်ချောင်း

### ၃၊ ၁။ မင်းကြီးစွာ (မဟာဥပရာဇာ)နှင့် မင်းရဲကျော်စွာ (မင်းရဲကျော်စွာစုန်)တို့၏ မျိုးရိုးဆက်နွယ်

ဟံသာဝတီဆင်ဖြူများရှင်
ဘုရင့်နောင်မင်းတရားကြီး + ခင်ကြီး
(၉၁၂–၉၄၃)

တပင်ရွှေထီး + ခင်ဘုန်းစိုး
(၈၉၂ – ၉၁၂)

နန္ဒဘုရင် (၉၄၃ – ၉၆၂)

ပဲခူးမိဖုရား

၁။ မင်းအကြီး (ရွှေနန်းတည်မင်း၏ညီတော် ကောလိယမင်းရဲကျော်ထင်နှင့်သင့်)

၂။ မင်းအထွေး

၃။ **သားတော်မင်းကြီးစွာ (၉၂၂–၉၅၄)**

၄။ ခင်မနှောင်း (ရခိုင်ဘုရင်သို့ ဆင်ဖြူတော်နှင့်အတူ ပေးဆက်ခံရသူ)

၅။ ခင်ပု (အသက် ၁၉ နှစ်တွင် ကွယ်လွန်သည်။)

၆။ **မင်းရဲကျော်စွာ (၉၃၁–၉၆၀)**

၇။ မင်းကြီးနှောင်း (ပြည်– သတိုးဓမ္မရာဇာ)

## ၃၊ ၂။ ချောင်းပိုဒ်ရေ အတိုအရှည်၊ မွေးဖွားသည့် ခုနှစ်သက္ကရာဇ်နှင့် ရေးဖွဲ့ပုံ ရေးဖွဲ့နည်း တူညီခြင်း

မဟာဉပရာဇာချောင်းနှင့် မင်းရဲကျော်စွာစုန်ချောင်းတို့သည် ဧချင်းဟောင်း (၁၂)စောင်တွင် သံတိုင်သံပေါက် ပိုဒ်ရေအများဆုံးနှင့် ရေးစပ်ထားသော အရှည်ဆုံး ဧချင်းများ ဖြစ်ကြသည်။ မဟာဉပရာဇာဧချင်းသည် ဧချင်းပိုဒ်ရေပေါင်း (၁၁၉)ပိုဒ် ပါရှိပြီး မင်းရဲကျော်စွာစုန်ဧချင်းသည် ဧချင်းပိုဒ်ရေပေါင်း (၁၁၄)ပိုဒ် ရှိသည်ကို တွေ့ရသည်။

မဟာဉပရာဇာကို သက္ကရာဇ် (၉၂၂)ခု နတ်တော်လပြည့်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်ကြောင်းကို မဟာဉပရာဇာဧချင်း ပိုဒ်ရေ (၆၉)တွင်–

> "ရှင့်ကိုမြင်သော်၊ ခေါ်တွင်မည်စစ်၊ ကြတိုက်နှစ်ဖြင့်၊ သက္ကရာဇ်
> သင်္ချာ၊ မှန်စွာအစ၊ ကိုးရာ့နှစ်ဆယ်၊ စွန်းဝယ်နှစ်ခု၊ ရတုဟေမ၊
> နတ်တော်လတွင်၊ ပြည့်ထက်တနင်္ဂနွေ၊ ခေါင်ဗွေသူရိယာ၊ ပစ္ဆိမာသို့"[၁]

ဟူ၍ ပါရှိသည်။ မဟာဉပရာဇာဧချင်းကို မင်းသားလေးမွေးဖွားသော သက္ကရာဇ် (၉၂၂)ခုနှစ်တွင် ပင်စပ်ဆိုခဲ့ခြင်း ဖြစ်ဟန်တူသည်။ ဆရာကြီး ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်–မြန်မာ ပြက္ခဒိန်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်သောအခါတွင် မဟာဉပရာဇာ မွေးသောခုနှစ်သည် ခရစ်နှစ် (၁၅၆၀)ခု၊ ဒီဇင်ဘာလ(၂)ရက်၊ တနင်္လာနေ့[၂] ဖြစ်ကြောင်း တွေ့ရသည်။

မင်းရဲကျော်စွာမင်းသားလေးအား သက္ကရာဇ် (၉၃၁)ခု၊ သီတင်းကျွတ်လဆန်း (၁) ရက်နေ့တွင် မွေးဖွားကြောင်းကို မင်းရဲကျော်စွာစုန်ဧချင်း ပိုဒ်ရေ(၈၀)တွင်–

> "ရတနာမဥ္ဇူ၊ တောင်ထိပ်ငှု၌၊ ကြေျပွင့်ဝန်း၊ မဥ္ဇူပန်းသို့၊
> ပျံ့မွှမ်းထုံနှစ်၊ သက္ကရာဇ်မူ၊ စင်စစ်ကိုးရာ၊ ဇော်တိံသာနှင့်၊
> မှန်စွာလက်မှ၊ ကသစ်ရလျက်၊ မိဿရာသီ၊ ကြိမ်ညီစီမှတ်၊
> နက္ခတ်ခေါင်ဗွေ၊ တိုင်ဦးနေသော်"[၃]

ဟူ၍ ပါရှိသည်။ မင်းရဲကျော်စွာ ဖွားမြင်သောခုနှစ်ကို ဆရာကြီး ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်–မြန်မာ ပြက္ခဒိန်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်သောအခါ ခရစ် ၁၅၆၉ ခု၊

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၉။
[၂] Than Tun. 2002, 61.
[၃] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၂၀၁။

စက်တင်ဘာလ (၁)ရက်၊ စနေနေ့[၁] ဖြစ်ကြောင်း တွေ့ရသည်။ ဧချင်းနှစ်စောင်စလုံးကို နှိုင်းယှဉ်ကြည့်လျှင် ဧချင်းအဖွဲ့ခံ မင်းသားလေးဖွားမြင်သော ခုနှစ်ကို သင်္ကေတ သင်္ချာနည်းဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

## ၃၊ ၃။ ဥပမာပေးပုံ ခမ်းခမ်းနားနားရှိခြင်း

မဟာဥပရာဇာဧချင်းနှင့် မင်းရဲကျော်စွာစုန်ဧချင်းတို့ကို လေ့လာကြည့်လျှင် အပိုဒ်တိုင်းလိုလိုတွင် ဆီလျော်သော ဥပမာများကို ထည့်သွင်းသုံးစွဲကာ စပ်ဆိုထားသည်ကို တွေ့ရသည်။ ဟံသာဝတီဆင်ဖြူများရှင်သည် ဇင်းမယ်မင်းအား သွားရောက်တိုက်ခိုက်ခဲ့ပုံအကြောင်းကို ဖွဲ့ဆိုရာတွင် ဇင်းမယ်ဘုရင်အား လက်ရဖမ်းဆီးမိခဲ့သော်လည်း အမျက်ဒေါသမထားဘဲ ဇင်းမယ်ဘုရင်နှင့်ဗညားတို့ကို ရှေ့တော်သို့ခေါ်၍ သစ္စာရည်တိုက်ကာ ဇင်းမယ်ထီးနန်းကို ပြန်လည်ပေးအပ်ခဲ့ကြောင်း စသည်ဖြင့် ဖွဲ့ဆိုထားသည်။ ထိုသို့ ဟံသာဝတီဆင်ဖြူများရှင်၏ ဇင်းမယ်ဘုရင်အပေါ် လုပ်ဆောင်ချက်သည် ဘုရားရှင်လက်ထက်က ကဿပညီနောင်ကို တန်ခိုးပြာဋိဟာပြ၍ ချေချွတ်ခဲ့ပုံနှင့် တူကြောင်း ခမ်းခမ်းနားနား ဥပမာပုံဆောင်ကာ ရေးဖွဲ့ထားသည်။ သာဓကအားဖြင့် မဟာဥပရာဇာဧချင်းတွင် စာဆိုက–

> "ကဿပဟု၊ စသည်ကုန်အောင်၊ မာရ်မိုက်မှောင်ကို၊ မြတ်ခေါင်
> သကျ၊ မုနိန္ဒလျှင်၊ တေဇဝှန်ဝါ၊ ပြာဋိဟာကို၊ ဆန့်စွာလွတ်လွတ်၊
> ထိန့်ထိန့်ညွတ်မျှ၊ ပြတ်ပြတ်ကျိုးနွံ့၊ ဆုံးမခံမှ၊ အရဟံဖလ၊
> ချမ်းသာဝသို့၊ လောကမှန်ကင်း၊ ရှင့်ဘမင်းလည်း၊ ထန်ပြင်း
> အာဏာ၊ သမ္ဘာတက်တုန်း၊ ရွှေဘုန်းပြောင်ပ၊ ရဲမာန်ပြ၍၊ လက်ရ
> ဖြစ်လျှင်၊ ယွန်းဘုရင်နှင့်၊ ယင်းတွင်မြတ်ဖျား၊ ဗညားသေဉ်လုံ၊
> အလုံးစုံကို၊ မင်းပုံပေါ်ဖျင်၊ ရှေ့တော်တွင်၌၊ သစ္စာတိုက်လျက်၊
> စိုက်စိုက်ကြည်လင်၊ အရှင်မှတ်ပြီး၊ ရွှေထီးမကြွင်း၊ ပြည်နန်း
> နှင်း၏"[၂]

ဟူ၍ ဘုရားရှင်နှင့်ပတ်သက်သော ဥပမာကို ခမ်းနားထည်ဝါစေရန် ထည့်သွင်းရေးစပ်ထားပါသည်။

မင်းရဲကျော်စွာစုန်ဧချင်းတွင် ဇင်းမယ်စား အကြောင်းကို ရေးဖွဲ့ရာတွင် မင်းရဲကျော်စွာစုန်ဧချင်း ပိုဒ်ရေ(၆)တွင် စာဆိုက–

---

[၁] Than Tun. 2002, 70.

[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၁။

"ဇင်းမယ်စားလျှင်၊ အမှားစတော၊ မျက်တုံလေသော်၊ ရွှေမြေအပ၊
မြတ်ဌာနဍ္ဍ၊ သုံးလဝါတွင်း၊ တင်းခဲ့ကာသာ၊ မျက်တော်ပါ၍၊
လျင်စွာခန့်ထောက်၊ ချီလေရောက်က၊ ရှုံ့ကြောက်တုန်လှုပ်၊
ပုဆစ်တုပ်၍၊ ကျွန်ုပ်ကျွန်ဘုရား၊ ပြစ်မှားဝံ့ပါ၊ မှူးမတ်ရာနှင့်၊
ချီသာလျှောက်ကြား၊ ဇင်းမယ်စားလျှင်၊ ကြောက်အားကြီးစွာ၊
ဖူးထွက်လာသော်၊ ပမာပုံဆောင်၊ တောသုံးထောင်၌၊ ရန်အောင်
သနင်း၊ ခြသေ့်မင်းဝယ်၊ အပြင်းအားကျိုး၊ သာမျိုးတကာ၊
မလွတ်သာသို့၊ နိူင်းရာထိုထွင်၊ ဘိုးနတ်ရှင်မူ၊ ဘုန်းအင်လျှံညီး၊
တန်ခိုးကြီးလျက်၊ အတီရှေးခါ၊ ထွန်းတေဇာဖြင့်၊ ဗာရာဏသီ၊
တွင်ညီမည်ရင်း၊ အလောင်းမင်းလျှင်၊ သွေယွင်းမှားယူ၊ မကောင်း
သူကို၊ မှတ်ယူအသင့်၊ ကောင်းကျင့်ကုန်ထွေ၊ အောင်စနေသို့"[၁]

ဟူ၍ စပ်ဆိုခဲ့သည်။ ဟံသာဝတီဆင်ဖြူများရှင်သည် ဇင်းမယ်စားနှင့် တိုက်ခိုက်ရာတွင် အနိုင်ရသော်လည်း ဇင်းမယ်စားအား သနားညှာတာ၍ သစ္စာပေးကာ ဇင်းမယ်မြို့ကိုပင် ပြန်ပေးခဲ့သည်။ နောက်ထပ်တစ်ဖန် ဇင်းမယ်စားက အမှားအယွင်းလုပ်သောအခါတွင် ဟံသာဝတီဆင်ဖြူများရှင်သည် ဇင်းမယ်သို့ နောက်တစ်ကြိမ် ချီခဲ့ရပြန်သည်။ ဇင်းမယ်စားသည် ကြောက်အားပိုကာ ပုဆစ်ဒူးတုပ်ပြီး မိမိအမှားကို ဝန်ခံလျှောက်တင်ခဲ့ပြန်သည်။ ထိုသို့သော အဖြစ်အပျက်ကို ကေသရာဇာခြသေ့်မင်းနှင့် ပုံဥပမာဆောင်ကာ တင်ပြခဲ့သည်။ ကေသရာဇာခြသေ့်မင်းနှင့် တွေ့လျှင် မည်သည့်သားကောင်မျှ မလွတ်နိုင်ပုံဖြင့် ဥပမာဆောင်ကာ ပြခဲ့သည်။ ဘိုးတော်ဘုရင့်နောင်သည် မည်မျှတန်ခိုးကြီးသနည်းဆိုသော် ရှေးယခင်က ဗာရာဏသီပြည်မှ ဘုရားလောင်းကဲ့သို့ မကောင်းသူကိုမှတ်ယူကာ ကောင်းသောအကျင့်ကို ကျင့်ခဲ့သည်ဟု ဘုရားလောင်းနှင့်တင်စားကာ ဥပမာပေးခဲ့သည်။ ဥပရာဇာမင်းသားလေး၏ ဘိုးတော် ဘေးတော်တို့အကြောင်းနှင့်ပတ်သက်၍ တင်လျှောက်မည်ဟု ပဋိညာဉ်စကား ပြောကြားရာတွင် ယသော်ရောသည် သားတော်ရာဟုလာကို ဖခမည်းတော်ဘုရားရှင်၏ အံ့သြဖွယ်ရာလက္ခဏာကြီးငယ်တို့အကြောင်းကို ချီးမွမ်းပြောဆိုပုံနှင့် ပုံဥပမာဆောင်ကာ စပ်ဆိုခဲ့သည်။ ၎င်းကို ဥပရာဇာဧချင်း ပိုဒ်ရေ(၂)တွင်–

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၁။

"ယသော်ဓရာ၊ ရာဟုလာကို၊ ထွေသားမြမြ၊ သီလိတ္တဟု၊
အစပုံညွှန်၊ မြတ်မွန်သကျာ၊ သုံးလုချာ၌၊ လက္ခဏာကြီးငယ်၊
အံ့စဖွယ်သား၊ ချီးမြှောက်ကြားရှင့်"[၁]

ဟူ၍ စပ်ဆိုခဲ့သည်ကို တွေ့ရသည်။ ဧချင်းစာဆိုသည် ဧချင်းအဖွဲ့ခံမင်းသားလေး၏ ဘေးဘိုးတို့အကြောင်းကို ဘုရားရှင်နှင့်နှိုင်းကာ ခမ်းခမ်းနားနား စပ်ဆိုခဲ့သည်ကို တွေ့ရသည်။ ဤသို့ ပုံဥပမာဆောင်ကာ ခမ်းခမ်းနားနား ရေးဖွဲ့ခဲ့ပုံချင်းလည်း ဧချင်းနှစ်စောင်စလုံး တူညီကြသည်ကို လေ့လာတွေ့ရှိရပါသည်။

မင်းရဲကျော်စွာစုန်ဧချင်းတွင် ဟံသာဝတီအကြောင်းကို ဖွဲ့နွဲ့စပ်ဆိုရာ၌ အထူးထူးသော ဥပမာများကိုဆောင်လျက် စပ်ဆိုသီကုံးထားသည်ကို တွေ့ရသည်။ ပိုဒ်ရေ (    )တွင်–

"ယုဂန္ဓိုရ်တောင်၊ ဖြူးခေါင်မြင့်ကျယ်၊ သွားစံပယ်သား၊ ငါးဆယ်
ယူဇနာ၊ ပြန်တာချက်မ၊ နေဝန်းပသို့၊ လောကဝိဒူ၊ သုံးလူဒေသစာ၊
သွားသော့အခါဝယ်"[၂]

"ပွင့်လင်းသာသနာ၊ တည်ရာငါးထောင်၊ မှန်းခဲ့ဆောင်က၊
ပြောင်ပြောင်ဝင်းဝါ၊ ရတနာရောင်တင်၊ ပလ္လင်လည်းပေါက်၊
မာရ်စစ်ရောက်သော်၊ တထောက်ပွဲချင်း၊ တျင်းတျင်းကြေပျက်၊
သစ္စာခက်ရှင့်၊ မဘက်ရန်ငြိုး၊ သတိုးပြည်စား၊ အယူမှားလည်း။"[၃]

စသည်ဖြင့် ဥပမာများကို ရေလဲသုံးကာ ရေးဖွဲ့ခဲ့သည်။ တခါတရံတွင် မင်းရဲကျော်စွာစုန်ဧချင်းသည် မဟာဥပရာဇာဧချင်းကဲ့သို့ ခမ်းခမ်းနားနား စပ်ဆိုသီကုံးနိုင်သည်ကို တွေ့ရသည်။ မင်းရဲကျော်စွာဧချင်း ပိုဒ်ရေ(၆၁)တွင်–

"နာဂတ်ငါးထောင်၊ တည်ကြားအောင်လျှင်၊ ရံဆောင်တံတိုင်း၊
ဆိုင်းဆိုင်းမီးတား၊ မုတ်နန်းထားလျက်၊ နတ်သားဝရဏ်၊ ပြောဟုန်
ရန်ဘီ၊ ဇော်ဂီရသေ့၊ ကျိန်းမွေ့သောဟန်၊ အတန်တန်တိ၊ ဂုမ္ဘဏ်
ရက္ခ၊ တာနေ့ာစသည်၊ ဝေဌစောင့်ဖန်၊ သဏ္ဍာန်ဝန်းကျင်၊
မွမ်းမွမ်းဖျင်မျှ၊ တွင်းပြင်ရံမြဲ၊ လက်နက်စွဲလျက်၊ အံ့အဲဘွယ်တိ၊
မရှိနှိုင်းရာ၊ သုခမ္မာတုံ၊ နတ်ရွာသဘင်၊ မွမ်းဖျင်ပျော်ဟန်၊

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၂၀။
[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၇၈။
[၃] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၇၈။

> ထိုဗိမာန်နှင့် သဏ္ဍာန်မခြား၊ ပုံမပြားတည့်၊ တရားရှင့်ဘိုး၊ နေမျိုးစကြာ၊ စောနရာလျှင်"[၁]

ဟူ၍ ရေးဖွဲ့ထားသည်။ ဤအပိုဒ်တွင် ဂုမ္ဘာဏ် ရက္ခ တာနော စသော နတ်ဘီလူးများသည် နတ်ပြည်၌ ပြုလုပ်စည်းဝေးသော သုဓမ္မာနတ်သဘင်၌ စောင့်ရှောက်ဆောင်ရွက်ရသကဲ့သို့ ဟံသာဝတီဆင်ဖြူများရှင်မင်းတရား၏ ညီလာခံသဘင်၌ မည်သို့ဆောင်ရွက်ကြပုံကို အလင်္ကာ၊ အဆင်တန်ဆာနှင့် ရေးဖွဲ့ထားသည်မှာ ပြောင်မြောက်၍ သိပ်သည်းကျစ်လျစ်မှုရှိသည်ကို တွေ့ရသည်။ မင်းရဲကျော်စွာစုန်ဧချင်းထက် (၉)နှစ်ခန့်ကြာမှ ရေးဖွဲ့ခဲ့သော မဟာဥပရာဇာဧချင်းသည် လက်ရာမည့်ကြောင်းကို ကောင်းစွာတွေ့ရှိရသည်။

စာဆို တလုတ်စားသခ်ယာသည် ဥပမာပေး အလွန်ကောင်းသော စာဆိုတစ်ဦးဖြစ်ရုံသာမက ပညာဗဟုသုတအရာ၌လည်း ပြည့်စုံကြွယ်ဝသူတစ်ဦး ဖြစ်သည်။ ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီးသည် မြို့သစ်တည်ရာတွင် မည်သို့မည်ပုံဆောက်လုပ် လုပ်ကိုင်ခဲ့ကြောင်း ခရေစေ့တွင်းကျ ထည့်သွင်းစပ်ဆိုပြနိုင်သောကြောင့် ယခုခေတ် သုတေသီများ ဗဟုသုတရရုံသာမက ထိုခေတ်အခါက မင်းနေပြည်တော်သည် မည်သို့မည်ပုံရှိကြောင်း ရော်ရမ်းမှန်းဆကြည့်နိုင်သည်။ မင်းရဲကျော်စွာဧချင်း ပိုဒ်ရေ (၇၁)တွင်–

> "အထူးအထူး၊ မော်ကွန်းဦး၌၊ သွယ်ဖြူးဆိုင်းဆိုင်း၊ ပျော်ဘွယ်နိုင်းတိ၊ ရံတိုင်းလူလို၊ သူရဲခိုနှင့်၊ ထားသိုသိပ်သည်း၊ ပေါင်းစည်းရင်လျောက်၊ ခိုနန်းဘောက်လျက်၊ ဖြိုးမောက်ရှုသာ၊ လေးမျက်နှာလုံး၊ ရေးရေးကုံးသို့၊ ပေါင်းရုံးနှစ်ဆယ်၊ တံခါးဝယ်တုံ၊ ရွှေကြယ်ထွန်းမြူး၊ မှန်ကင်းဘူးနှင့်၊ ရွှေခြူးကြာပြန်၊ ပိတာန်ရွှေရေး၊ လျှပ်ရောင်ပြေးမျှ၊ ထောင့်ကွေးချင်တား၊ ဆတ်သွားရိုင်းစိုင်း၊ ပြိုင်းရရိုင်းတိ၊ ဆိုင်းဆိုင်းဝန်းကျင်၊ တုရင်ကမောင်း၊ ဆောင်းဆောင်းသွယ်ဖြူး၊ ငှက်လျာဘူးတည်၊ သောက်ရှူးသဏ္ဍာန်၊ တသွန်နီးဝေး၊ ရွှေရောင်ပြေးလျက်၊ ပြောင်းလေးရံကာ၊ လက်ရုံးမှာတုံ၊ ရှုသာနိမ့်မြင့်၊ သုံးဆင့်ရေးရေး၊ သူရဲပြေးနှင့်၊ ရန်ဘေးပျောက်ဖုံး၊ ရွှေမြို့လုံး၌၊ ပတ်ကုံးရှောင်မောင်း၊ ရွှေတန်ဆောင်းတိ၊ ရဲလောင်းမြင့်ကာ၊

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၁။

ရှေးစဉ်လာမူ၊ ကမ္ဘာကျင့်ထုံး၊ ဂြိုလ်ရှစ်လုံးနှင့်၊ ရင့်ဆုံးကြီးတူ၊
တည်တော်မူသည်"[၁]

ဟူ၍ ရေးဖွဲ့ခဲ့သည်။ စာဆိုသည် မဟာဥပရာဇာဧချင်းကို ရေးစပ်စဉ်၌ ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီးသည် မင်းတရားရွှေထီး နတ်ရွာစံပြီးနောက် အစိတ်စိတ်အမွှာမွှာဖြစ်နေသော တိုင်းပြည်ကို ပြန်လည်စည်းရုံးချိန်ဖြစ်၍ စာဆိုသည် ဟံသာဝတီဆင်ဖြူများရှင်၏ ဘုန်းလက်ရုံး၊ တန်ခိုးအာဏာကို ပြည့်ပြည့်စုံစုံ စပ်ဆိုရေးဖွဲ့ရန် အခါအခွင့် မရခဲ့ဟန် တူသည်။ မင်းရဲကျော်စွာစုန်ဧချင်းကို ရေးသားချိန်၌မူ မင်းတရားကြီးသည် ဟံသာဝတီထီးနန်း၌ ထီးကနက်စိုက်ထူနိုင်ရုံသာမက မြန်မာပြည်အလုံးကို တစ်စုတစ်ရုံးတည်း စုပေါင်းနိုင်ခဲ့သည့်အပြင် ယိုးဒယား၊ လင်းဇင်း၊ ဇင်းမယ်တို့ကိုပင် တိုက်ခိုက်၊ နှိမ်နင်း အောင်မြင်ပြီးသော အချိန်အခါ ဖြစ်သည်။ ထို့ကြောင့် စာဆိုသည် မင်းရဲကျော်စွာဧချင်းကို မဟာဥပရာဇာဧချင်းထက် ပိုမိုပြည့်စုံသော ဘုန်းတော်ဘွဲ့များ ထည့်သွင်းစပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထိုအချက်သည်သာ ဧချင်းနှစ်စောင်တွင် ကွာခြားခြင်းရှိသည်ကို တွေ့ရသည်။

## ၃၊ ၄။ စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီခြင်း

စာဆို တလုတ်စားသင်္ချာသည် မဟာဥပရာဇာဧချင်းတွင် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ ဘိသိက်ခံသော မင်းခမ်းမင်းနားများကို ဖွဲ့ဆိုရာတွင် မင်းခမ်းမင်းနား အသုံးအဆောင်ပစ္စည်းများကို အသေးစိတ် ဖွဲ့ဆိုခဲ့သည်။ သာဓကအားဖြင့် မဟာဥပရာဇာဧချင်း ပိုဒ်ရေ(၃၈)တွင် စာဆိုက–

> "မုနေ္တာလင်ပန်း၊ ရှစ်ခန်းထောင့်ကွေး၊ နားရေးတစ်ရာ၊ ကျမ်းလာ
> လိုက်ဘက်၊ ကွမ်းခွက်ကွမ်းလျောင်၊ ကွမ်းလောင်းကွမ်းချပ်၊ ကွမ်းကပ်
> ကွမ်းအိုး၊ ကွမ်းဖိုးကွမ်းလိပ်၊ ချိပ်ချိပ်ရှင်ရှင်၊ လက်တင်နိမ့်မြင့်၊
> စလင့်ဂိဝါ၊ ရွှေကြာပန်းတောင်း၊ ရောင်မောင်းဖလား၊ ကရားထွေးခံ၊
> ဝင်းလျံစံငွေ့၊ ကြွေ့ကြွေ့စည်ကား၊ ဖလားသောက်တင်၊ ချဉ်းအင်
> မြူတေ၊ သိင်္ဂါအိုးပျစ်၊ မျက်နှစ်စီမြှုပ်၊ ခွက်အုပ်ပန်းလျောင်၊
> သတောင်းသလပ်၊ ပန်းကပ်ပန်းခံ"[၂]

ဟူ၍ စာဆိုသည် မင်းခမ်းတော်ဝင် အသုံးအဆောင်ပစ္စည်းများကို စေ့စပ်သေချာစွာ ထည့်သွင်း စပ်ဆိုထားပါသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၇။
[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၃၅။

ထိုမင်းခမ်းမင်းနားနှင့် ပတ်သက်၍ မင်းရဲကျော်စွာစုန်ဧချင်းတွင်−

> “နည်းမှီစဉ်လာ၊ မင်းခမ်းမှာတုံ၊ ရွှေကြာပန်းတောင်း၊ ကွမ်းလောင်းကွမ်းချပ်၊ ပန်းဇလပ်နှင့်၊ ကွမ်းချပ်ကွမ်းထိုး၊ ကွမ်းအိုးကွမ်းလိပ်၊ ရောင်ဖိတ်ကွမ်းခွက်၊ ညီးညီးလက်မျှ၊ ရှစ်ဖက်ထောင့်ချော၊ မုနော လင်ပန်း၊ ရောင်ရွှန်းဖလား၊ ကရားထွေးခံ၊ မင်းစံသိင်္ဂါ၊ တစ်ရာနာရေး၊ ထွန်းလျှံပြေးလျက်၊ ရေးရေးရှုသာ၊ မြူတာအိုးသစ်၊ ထွန်းလှစ်စံငွေ့၊ ကြွေ့ကြွေ့ဖြိုးအင်၊ သောက်တင်ဖလား၊ မင်းခမ်းနားတိ၊ ရိုးဖျားညွတ်သွယ်၊ ထားဝယ်သံလျင်း၊ ပြောင်လင်းရောင်လျှပ်၊ သားမြီးယပ်နှင့်၊ ပန်းကပ်သစ်တောင်း၊ ပန်းလျောင်းခွက်အုပ်၊ ခြယ်မြှုပ်မျက်ရှင်၊ လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ”[၁]

ဟူ၍ စာဆိုက ဘုရင့်နောင်မင်းတရားကြီး၏ ဘိသိက်မင်္ဂလာ မင်းခမ်းမင်းနားတို့ကို စပ်ဆိုထားပါသည်။ ဘိသိက်မင်္ဂလာ မင်းခမ်းမင်းနားတို့ကို စပ်ဆိုရာတွင် မဟာဥပရာဇာ ဧချင်းတွင် စာဆိုသည် ထောင့်ရှစ်ဖက်ရှိပြီး မျက်နှာပြင်ချောမွတ်နေသော ရွှေလင်ပန်းကို စပ်ဆိုရာတွင် ‘မုနောလင်ပန်း၊ ရှစ်ခန်းထောင့်ကွေး’ ဟူ၍လည်းကောင်း၊ မင်းရဲကျော်စွာစုန် ဧချင်းတွင် စာဆိုက ‘ရှစ်ဖက်ထောင့်ချော၊ မုနောလင်ပန်း’ ဟူ၍လည်းကောင်း ထည့်သွင်း စပ်ဆိုထားပါသည်။

အရောင်တဖိတ်ဖိတ်တောက်နေသော ကွမ်းလောင်း၊ ကွမ်းချပ် ကွမ်းအိုးတို့ အကြောင်းကို စပ်ဆိုရာ၌ မဟာဥပရာဇာဧချင်းတွင် ‘ကွမ်းလောင်း၊ ကွမ်းချပ်၊ ကွမ်းကပ်၊ ကွမ်းအိုး’ ဟူ၍လည်းကောင်း၊ ၎င်းကို မင်းရဲကျော်စွာစုန်ဧချင်းကို စပ်ဆိုသော စာဆို ‘ကွမ်းချပ်ကွမ်းထိုး၊ ကွမ်းအိုးကွမ်းလိပ်၊ ရောင်ဖိတ်ကွမ်းခွက်’ ဟူ၍လည်းကောင်း ဖွဲ့ဆို ထားပါသည်။ လက်တင်အနိမ့်အမြင့်နှင့် ရွှေရောင် တလက်လက်တောက်နေသော စလင့်ကြာအကြောင်းကို ဖွဲ့ဆိုရာတွင် မဟာဥပရာဇာဧချင်းကို စပ်ဆိုသော စာဆိုက ‘လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ’ ဟူ၍ စပ်ဆိုခဲ့သည်။ မင်းရဲကျော်စွာစုန်ဧချင်းကို စပ်ဆိုသော စာဆိုကလည်း ဥပရာဇာဧချင်းစပ်ဆိုသကဲ့သို့ပင် ‘လက်တင်နိမ့်မြင့်၊ စလင့်ဂီဝါ’ ဟူ၍ပင် စပ်ဆိုသည်ကို တွေ့ရပါသည်။ ဤသည်ကိုကြည့်လျှင် မဟာဥပရာဇာ ဧချင်းကို စပ်ဆိုသော စာဆိုနှင့် မင်းရဲကျော်စွာစုန်ဧချင်းကို စပ်ဆိုသော စာဆိုတို့သည် စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီနေသည်ကို လေ့လာတွေ့ရပါသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၇။

## ၃၊ ၅။ ချောင်းချီပုံချပုံ တူညီခြင်း

ချောင်းနှစ်စောင်စလုံးကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် အချီအချ ချင်းလည်း တူညီကြနေသည်ကို တွေ့ရပါသည်။

မဟာဥပရာဇာချောင်း–

ပိုဒ်ရေ(၁၂) ချောင်းအစတွင် 'အထွေအထွေ'[၁] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၆၆) ချောင်းအစတွင် 'အခြားအခြား'[၂] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၆၈) ချောင်းအစတွင် 'တစ်ဦးတစ်ဦး'[၃] ဟူ၍လည်းကောင်း၊

အစချီထားပြီး ချောင်း၏အချပိုဒ်များတွင် 'ဧပြုံ့ပျူး၊ သံညင်းကျူးသည်၊ ရန်ငူးစက်တော် ခေါ်ဘိသေး'[၄] ဟူ၍ ချထားသည်ကို တွေ့ရသည်။

မင်းရဲကျော်စွာစုန်ချင်း၏ အချီပိုဒ်များကို လေ့လာကြည့်လျှင်–

ပိုဒ်ရေ(၄၈) အစတွင် 'အဆက်အဆက်'[၅] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၄၉) အစတွင် 'အခြားအခြား'[၆] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၇၁) အစတွင် 'အထူး အထူး'[၇] ဟူ၍လည်းကောင်း၊

ပိုဒ်ရေ(၇၂) အစတွင် 'အထည် အထည်'[၈] ဟူ၍လည်းကောင်း၊

ဟူ၍ အစချီထားပြီး ချောင်း၏အချပိုဒ်များတွင် 'ဧပြုံ့ပျူး၊ ရွှယ်လူးနတ်ပေး၊ မင်းလောင်းသွေးကို၊ ကျူးဧမစဲ၊ သာညှင်းလွှဲသည်၊ ရန်ကဲစက်တော်ခေါ်ဘိသေး၊ ဧလည်းယင်ယင်ဧ' ဟူ၍လည်းကောင်း ချောင်းကို ချခဲ့သည်။ ချောင်း (၂)စောင်လုံး၏ အချီပိုဒ် အချပိုဒ်များကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် တူညီနေသည်ကို လေ့လာတွေ့ရပါသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၂၄။
[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၈။
[၃] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၉။
[၄] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၄၉။
[၅] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၈၄။
[၆] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၈၄။
[၇] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၆။
[၈] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၉၈။

## ၃၊ ၆။ ပါဠိဝေါဟာရများနှင့် စာဆို၏ စိတ်ကူးစိတ်သန်း ထည့်သွင်းစပ်ဆိုပုံ တူညီနေခြင်း

စာဆိုသည် မိမိ၏စာပေကို ပိုမိုခံ့ညားစေချင်သောကြောင့် ပါဠိဘာသာ ဝေါဟာရများကို အများအပြား ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရသည်။ အင်းဝခေတ် ပျို့၊ ကဗျာလင်္ကာများတွင်သာ အများအပြား တွေ့ရတတ်သော ပါဠိဝေါဟာရများကို ဤချေါင်းနှစ်စောင်လုံးတွင် တွေ့ရသည်။ ဂီတသဘောသက်ဝင်သော ကဗျာများကို ရွက်ဆိုရလွယ်ကူစေရန် ရှေးစာဆိုတို့သည် ပါဠိဝေါဟာရတို့ကို ရှောင်၍ ဖွဲ့ဆိုတတ်ကြသည်။ ယခု ချေါင်းစာဆိုသည် သူ၏ချေါင်းတွင် ရာဇဝင်သမိုင်းကို ဦးစားပေး၍ စပ်ဆိုထားရုံသာမက ဘုရားရှင်၏ ဖြစ်တော်စဉ်များကိုပါ ထည့်သွင်း စပ်ဆိုချင်သောကြောင့် အကြောင်းအရာနှင့် လိုက်ဖက်သည့် ခံ့ညားထည်ဝါသော ပါဠိအသုံးများကို ထည့်သွင်းစပ်ဆိုဟန် တူသည်။ မဟာဥပရာဇာချေါင်းတွင် စာဆိုက–

> "ဓမ္မတာထင်ရှား၊ သုံးဆယ်ပြားတွင်၊ ဘုရားတကာ၊ သတ္တဋ္ဌာဠ၌၊ သတ္တာရက်စီ၊ မဟေသီသို့၊ ယှဉ်မှီနှစ်ထောင်း၊ အပေါင်းသချာ၊ စတ္တာသီလ၊ နဝပြည့်မြောက်၊ ဗြဟ္မာလျှောက်က၊ ကျွတ်ထောက်ပဌနာ၊ ဝေနေယျာကို"[၁]

ဟူ၍လည်းကောင်း၊

မင်းရဲကျော်စွာစုန်ချေါင်းတွင် စာဆိုက–

> "တစ်နေ့တစ်လုပ်၊ မယုတ်အာဟာ၊ သတ္တာသတ္တ၊ နဝစာလီ၊ ပြည့်ညီရက်ရ၊ သတ်ဌာန၌၊ သတ္တရက်ဖြင့်၊ ချိန်ရွယ်လင့်သို့"[၂]

ဟူ၍လည်းကောင်း ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။ ဘုရားရှင်သည် ဘုရားဖြစ်ပြီး (၇)နေရာတွင် (၇)ရက် စံနေသည်ကို မဟာဥပရာဇာချေါင်းတွင် 'သတ္တဋ္ဌာဠ၌၊ သတ္တာရက်စီ' ဟူ၍လည်းကောင်း၊ မင်းရဲကျော်စွာစုန်ချေါင်းတွင် 'သတ္တာသတ္တ၊ နဝစာလီ၊ ပြည့်ညီရက်ရ၊ သတ်ဌာန၌၊ သတ္တရက်ဖြင့်' ဟူ၍လည်းကောင်း၊ မဟာဥပရာဇာချေါင်းတွင် (၉)ကြိမ် ပြည့်မြောက်သည်ကို 'စတ္တာသီလ၊ နဝပြည့်မြောက်' ဟူ၍လည်းကောင်း၊ မင်းရဲကျော်စွာစုန်ချေါင်းတွင် 'နဝစာလီ၊ ပြည့်ညီရက်ရ' ဟူ၍လည်းကောင်း ဖွဲ့ဆိုထားပါသည်။ ချေါင်းနှစ်စောင်စလုံးတွင် ပါဠိဝေါဟာရများကို ထည့်သွင်းစပ်ဆိုပုံ စိတ်ကူးစိတ်သန်းချင်း တူညီနေကြသည်ကို လေ့လာတွေ့ရသည်။

---

[၁] မေအောင်၊ ဦး(ဝတ်လုံတော်ရ)။ ၁၉၁၂၊ ၁၃၂။
[၂] မေအောင်၊ ဦး(ဝတ်လုံတော်ရ)၊ ၁၉၁၂၊ ၁၇၅။

## ခြုံငုံသုံးသပ်ချက်

မဟာဥပရာဇာချေင်းနှင့် မင်းရဲကျော်စွာစုန်ချေင်းတို့သည် တောင်ငူခေတ်ပေါ် ချေင်းများ ဖြစ်ကြသည်။ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်ရင်းများလည်း ဖြစ်ကြပြီး တစ်မိဝမ်းထဲမှဖွားသော ညီနောင်နှစ်ပါးလည်း ဖြစ်ကြသည်။ ထိုညီနောင်နှစ်ပါးထဲမှ အစ်ကိုတော်ဖြစ်သော မဟာဥပရာဇာအတွက် စပ်ဆိုသော မဟာဥပရာဇာချေင်းကို စာဆို တလုတ်စားသခ်ယာသည် သက္ကရာဇ် (၉၂၂)ခုနှစ် မင်းသားလေး မွေးဖွားပြီးချိန်တွင် စပ်ဆိုခဲ့ဟန် တူသည်။ မဟာဥပရာဇာ ချေင်းကို စပ်ဆိုခဲ့သော စာဆိုသည် ထိုချေင်းကို စပ်ဆိုပြီး (၉)နှစ်အကြာ သက္ကရာဇ် (၉၃၁)ခုနှစ်တွင် ညီတော်မင်းရဲကျော်စွာအတွက် မင်းရဲကျော်စွာစုန်ချေင်းကို စပ်ဆိုသည် ဆိုသည်မှာ ဖြစ်နိုင်ခြေများပြားလှသည်။ ထိုချေင်း နှစ်စောင်လုံးကို လေ့လာကြည့်ရာတွင်–

(၁) ချေင်းပိုဒ်ရေရှည်လျားပုံ တူညီနေခြင်း၊ ချေင်းတွင်ပါဝင်သော ပါဒ များပြားပုံ တူညီနေခြင်း၊ မွေးဖွားသည့် ခုနှစ်၊ သက္ကရာဇ်တို့ကို စပ်ဆိုရာတွင်လည်း ချေင်းနှစ်စောင်စလုံး ရေးဖွဲ့ပုံတူညီနေခြင်း

(၂) ဥပမာပေးပုံ ခမ်းခမ်းနားနား ရှိခြင်း

(၃) စိတ်ကူးစိတ်သန်းနှင့် စကားလုံးရွေးချယ်ပုံ တူညီနေခြင်း

(၄) ချေင်း ချီပုံ၊ ချပုံတူညီနေခြင်း

(၅) ပါဠိဝေါဟာရများနှင့် စာဆို၏စိတ်ကူးစိတ်သန်း ထည့်သွင်းစပ်ဆိုပုံ တူညီနေခြင်း

စသည့် အချက်(၅)ချက်စလုံး ယေဘုယျအားဖြင့် တူညီနေသည်ကို တွေ့ရသောကြောင့် ချေင်းနှစ်စောင်စလုံးကို စာဆို တလုတ်စားသခ်ယာ တစ်ဦးတည်း ရေးသည်ခဲ့ဟန် တူပါသည်။ ချေင်း နှစ်စောင်စလုံးတွင် တူညီချက်များ များစွာတွေ့ရပြီး ဘုရင့်နောင် မင်းတရားကြီး မြို့သစ်တည်ရာတွင် မင်းရဲကျော်စွာစုန်ချေင်းသည် ပိုမိုပြည့်စုံစွာ စပ်ဆိုထားသည်ကို တွေ့ရသည်။ မင်းရဲကျော်စွာစုန်ချေင်းသည် မဟာဥပရာဇာ ချေင်း၏ ပွဲတင်သံမျှသာ ဖြစ်ပါသည်။ မင်းရဲကျော်စွာစုန်ချေင်းကို ရာဇဗာဟု ရေးသည်ဟု အမှတ်အသား တွေ့ရသည်မှာလည်း ရာဇဗာဟုသည် စာဆို တလုတ်စားသခ်ယာ၏ ဘွဲ့အမည်တစ်ခု ဖြစ်နိုင်သည်။ မြန်မာစာပေသမိုင်းတွင် စာဆိုတလုတ်စား သခ်ယာ၏ စာပေလက်ရာ ချေင်းနှစ်စောင်ကိုသာ တွေ့ရသည်။ စာဆို၏ အခြားစာပေလက်ရာ များကို အခုအချိန်အထိ မတွေ့ရသေးပေ။ ဤသို့ဖြစ်ခြင်းမှာလည်း စစ်မက်ထူပြော လှသော ထိုခေတ်အခါတွင် စာဆိုသည် မိမိအရှင်နှင့်အတူ စစ်တိုက်ထွက်နေရ၍

များပြားလှသော တိုင်းပြည်တာဝန်များကြားတွင် စာမရေးဖွဲ့အားသောကြောင့် ဖြစ်နိုင်ပါသည်။ စာဆို တလုတ်စားသခ်ယာ၏ လက်ရာစာပေ ချောင်းနှစ်စောင်မှာ မြန်မာစာပေသမိုင်းတွင် အထင်အရှား တည်ရှိနေမည်သာ ဖြစ်သည်။

## နိဂုံး

စာဆို တလုတ်စားသခ်ယာသည် တောင်ငူခေတ်တွင် သမိုင်းတန်ဖိုး ကြီးမားလှသော ချောင်းနှစ်စောင်ကို ရေးဖွဲ့နိုင်သည်မှာ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။ စာဆိုနဝဒေးသည် တပင်ရွှေထီး ချောင်းသုံးစောင်ကို လက်စွမ်းပြရေးဖွဲ့ကာ အရှင်သခင်ကို ဆက်သွင်းနိုင်သကဲ့သို့ စာဆို တလုတ်စားသခ်ယာသည်လည်း ဘုရင့်နောင်မင်းတရားကြီး၏ မြေးတော်ရင်းများဖြစ်ကြသော ညီအစ်ကိုနှစ်ဦး၏ ချောင်းနှစ်စောင်ကို (၉)နှစ်သာ ခြားကာ မိမိအရှင်သခင်အတွက် စပ်ဆိုနိုင်ခဲ့ကြောင်းကို သိရသည်မှာ တန်ဖိုးမဖြတ်နိုင်သော စာပေတန်ဖိုးတစ်ရပ်ပင် ဖြစ်ပါသည်။ ချောင်းနှစ်စောင်စလုံးတွင် တူညီချက်များကို များစွာတွေ့ရသည်။ အချို့နေရာတွင် မင်းရဲကျော်စွာစုန်ချောင်းက ပို၍စုံလင်စွာ စပ်ဆိုနိုင်သည်ကို တွေ့ရသည်။ ချောင်းများ ရေးဖွဲ့ထားသောအချိန်ကို ကြည့်လျှင် တိုင်းပြည်တွင် စစ်မက်ရေးရာများဖြင့် ထူပြောလှသော ထိုအချိန်အခါမျိုး၌ ချောင်းစာဆို တလုတ်စားသခ်ယာသည် ဂုဏ်အလင်္ကာ ရသမြောက်သော အဆင့်အတန်းမြင့်သော ချောင်းနှစ်စောင်ကို စပ်ဆိုနိုင်သည်မှာ များစွာ ချီးကျူးစရာကောင်းပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကုလား၊ ဦး။ (၁၉၆၀)။ ***မဟာရာဇဝင်ကြီး***။ ပထမတွဲ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ကုလား၊ ဦး။ (၁၉၆၀)။ ***မဟာရာဇဝင်ကြီး***။ ဒုတိယတွဲ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

ကုလား၊ ဦး။ (၁၉၆၀)။ မဟာရာဇဝင်ကြီး။ တတိယတွဲ။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။

တင်၊ ဦး။ (၁၉၂၁)။ ***ကဗျာဗန္ဓသာရကျမ်း***။ မန္တလေးမြို့၊ မြန်မာတာရာသတင်းစာ ပုံနှိပ်တိုက်။

ထွန်းညို၊ ဦး၊ တွင်းသင်းတိုက်ဝန်မဟာစည်သူ။ (၁၉၉၈)။ ***မဟာရာဇဝင်သစ် (တောင်ငူဆက်)***။ ဒုတိယတွဲ။ ခိုင်ညွန့်မွန်အော့ဖ်ဆက်။

ထွန်းရွှေ၊ ဦး။ (၁၉၉၅)။ ***နန္ဒမာလိနီ ခေါ် ကဗျာ့စွယ်စုံကျမ်းကြီး***။ ရန်ကုန်၊ ပညာအလင်းပြစာပုံနှိပ်တိုက်။

ပညာရှိများ။ (၁၉၉၂)။ ***မှန်နန်းရာဇဝင်ကြီး***။ ပထမတွဲ။ ကြေးမုံဂါးဒီးယန်းသတင်းစာတိုက်။

ပညာရှိများ။ (၂၀၀၃)။ ***မှန်နန်းရာဇဝင်ကြီး***။ ဒုတိယတွဲ။ မြန်မာ့အလင်း သတင်းစာတိုက်နှင့် ကြေးမုံဂါးဒီးယန်း သတင်းစာတိုက်။

မေအောင်၊ ဦး(ဝတ်လုံတော်ရ)။ (၁၉၁၂)။ ***ချောင်းဟောင်း ၁၂ စောင်တွဲ***။ မော်လမြိုင်မြို့၊ ရမ္မာပုရပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦး။ (၁၉၇၅)။ ***ရွှေနန်းသုံးဝေါဟာရအဘိဓာန်***။ ရန်ကုန်၊ ဗုဒ္ဓဘာသာအဖွဲ့ ပုံနှိပ်တိုက်။

လွန်း၊ ဦး။ (၁၉၅၉)။ ***ကဗျာသာရတ္ထသင်္ဂြိုဟ်***။ ရန်ကုန်၊ သူရိယသတင်းစာတိုက်။

## အင်္ဂလိပ်ဘာသာ

Than Tun, Dr. (2002).***English The -Myanmar Calendar of the Second Millennium A.D (Sixteen Century).***History Department, University of Yangon.